# ဥယျောဇဉ်

ဤ၊လူ့ကမ္ဘာလောကဌ် ကွဲပြားခြားနားသော လူမျိုးနွယ်စုမြောက်များစွာ နေထိုင်ကြသည့်အနက် ချိုးလူမျိုးနွယ်စုသည်လည်းတိကျသောအမျိုးသားစာပေနှင့်စုံလင်များပြားသည့် ရိုးရာယဉ်ကျေးမှုကို ပိုင်ဆိုင်ရရှိထားသော မျိုးနွယ်စုကြီးဖြစ်ပါသည်။ ချိုးတိုင်းရင်းသားများ၏ အတိတ်သမိုင်း စာမျက်နှာများကို ပြန်လှန်ကြည့်မည်ဆိုလျှင် ချိုးဘိုးဘေးတို့၏ သစ္စာရှိမှု၊အမှန်တရားမြတ်နိုးမှု၊ရိုးသားဖြူစင်မှု၊မဟုတ်မခံတတ်မှုနှင့်ရဲစွမ်းသတ္တိရှိမှုများ၊ စသည့် လေးစားအတုယူဖွယ်ရာ စံနာမူနာကောင်းများကို ဧကန်မုတ်ချတွေ့မြင်ကြရပေမည်။ သာရေး၊နာရေး စသည့် လူမှုရေးကိစ္စများဌ် အချင်းချင်းရိုင်းပင်းကူညီကြပြီး မိမိတို့၏ ချိုးရိုးရာဓလေ့ထုံးတမ်းစဉ်လာများကိုလည်း အစဉ်စောင့်ထိန်းလိုက်နာလျက် အေးအတူပူအမျှနေထိုင်လာခဲ့ကြသည်မှာ နှစ်ပေါင်းရှည်ကြာ ခဲ့ပါပြီ။ဘိုးဘွားများပေးခဲ့သောအမွေကောင်းများကို ဆက်ခံသော ယနေ့ ချိုးတိုင်းရင်းသားများအနေဖြင့် ဤအမွေများကို ဆက်လက်ထိန်းသိမ်းကာကွယ်လျက် နောင်လာနောင်သား ချိုးမျိုးဆက်သစ်များထံ ထပ်ဆင့်အမွေပေးရန် တာဝန်ကိုယ်စီ ရှိကြသည်ကို သတိမူလျက် အခြေခံအုတ်မြစ်ဖြစ်သော အမျိုးသားသွေးစည်း ညီညွတ်ရေးကို ခိုင်မြဲအောင်တည်ဆောက်ပြီး ချိုးအမျိုးအနွယ်များ တည့်တံ့ခိုင်မြဲရေးအတွက် နည်းပညာအရဖြစ်စေ၊စိတ်ဓါတ်ရေးရာအရဖြစ်စေအင်တိုက်အားတိုက် အစဉ်ပူးပေါင်းလုပ်ဆောင်ကြရန် အချိန်တန်လာပေပြီ။



ချိုးတိုင်းရင်းသားများ၏အမျိုးဂုဏ်ဇာတိဂုဏ်ကို မြှင့်တင်လိုသောမွန်မြတ်သည့်အမျိုးသားရေးစိတ်ဓါတ်ကို မဏ္ဍိုင်ပြုအခြေခံလျက် အမေရိကန်မှချိုးလူမျိုးများသည် ချိုးတိုင်းရင်းသားတစ်ခုလုံးနှင့် သက်ဆိုင်သည့်အရေးကို စုပေါင်းလုပ်ဆောင်နိုင်ရန် အလို့ငှာ ဘာသာရေးနှင့် နိုင်ငံရေးမဟုတ်သော လူမှုရေးအဖွဲ့အစည်းဖြစ်သည့် “**ချိုးတိုင်းရင်းသားအစည်းအရုံး**”ကို သက္ကရာဇ် ၂၀၁၂ခု၊စက်တင်ဘာ(၂)ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊တက်နစီပြည်နယ်၊နက်စဗီးလ်မြို့တော်ဌ် အောင်မြင်စွာ ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ချိုးတိုင်းရင်းသားအစည်းအရုံး(ခတစ)သည် သမိုင်းပေး အမျိုးသားရေးတာဝန်ဖြစ်သည့် ချိုးစာပေ၊ သမိုင်း၊ ရိုးရာယဉ်ကျေးမှု အမွေနှစ်များကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ချိုးဒေသ ပိုမိုတိုးတက်ဖွံ့ဖြိုးလာရေးစသည့် အခြေခံလုပ်ငန်းစဉ်များ ချမှတ် အကောင်ထည်ဖော် လုပ်ဆောင်ရာဌ် ပြည်တွင်းပြည်ပရှိ ချိုးတိုင်းရင်းသားများနှင့် အစဉ်မပြတ် နီးနှောတိုင်ပင်လျက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစဉ်ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

ဤကဲ့သို့ အမျိုးသားရေးတာဝန်ကို ဝိုင်းဝန်းလုပ်ဆောင်ကြရာဌ် ချိုးလူမျိုးတို့၏ဂုဏ်သိက္ခာအကျိုးစီးပွားနှင့်စည်းလုံးညီညွတ်ရေးကို ဖျက်ဆီးအကျိုးနည်းစေမည့် အရာမှန်သမျှအား သတိချပ်ရှောင်ကြဉ်လျက် ခေတ်ရေစီးကြောင်းနှင့်အညီ ချိုးအမျိုးသားတို့၏ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာရေးနှင့် ချိုးတိုင်းရင်းသားများ ဥမကွဲ၊သိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ကြရန်အလို့ငှာ အရေးကြီးလုပ်ဆောင်ရမည့် တာဝန်ဝတ္တရားသည် ချိုးတိုင်းရင်းသားများကိုယ်စီ၏ ပခုံးပေါ်သို့ ကျရောက်လာလျက်ရှိချေပြီ။ ချိုးလူမျိုး၊ချိုးဒေသ၏ကောင်းကျိုးအတွက် ချိုးလူမျိုးများကိုယ်တိုင် တာဝန်မဲ့နေကြမည်ဆိုလျှင် အခြားမည်သည့်လူမျိုးများကမှ ချိုးလူမျိုးနှင့်ချိုးဒေသတိုးတက်ကြီးပွားရေးကို ချိုးလူမျိုးများကိုယ်စား အရေးတယူ လာရောက်လုပ်ဆောင်ကြမည် မဟုတ်သည်မှာ မြေကြီးလက်ခတ်မလွဲပေ။ “နွားကွဲလျှင် ကျားကိုက်မည်”ဟူသော ဆိုရိုးစကားကို ဥပေက္ခာမပြုကြဘဲ ချိုးတိုင်းရင်းသားများ၏စည်းလုံးညီညွတ်ရေးကို ထိပါးနှောင့်ယှက်လာမည့် အန္တရာယ်ဆိုးများကိုလည်း မျက်ခြေမပြတ် သတိပြုကာကွယ်သွားကြရန် လိုအပ်လှပေသည်။

ချိုးတိုင်းရင်းသားများ၏ အနာဂတ် ပညာရေး၊စီးပွားရေး၊လူမှုရေး ကဏ္ဍအသီးသီးဌ် ဘက်စုံတိုးတက်ဖွံ့ဖြိုးလာအောင်ကြိုးပမ်းအကောင်ထည်ဖော်ရေးသည် ပြည်တွင်း၊ပြည်ပရှိ ချိုးတိုင်းရင်းသားတိုင်း ထမ်းဆောင်ရမည့် သမိုင်းပေးအမျိုးသားရေးတာဝန်ဖြစ်သည်ဟု နှလုံးသွင်းခံယူကာ မိမိရောက်ရှိရာဒေသနှင့်ကျရာအခန်းကဏ္ဍမှ အုတ်တချပ်၊သဲတပွင့်အနေဖြင့် ပါဝင်ရင်း တူညီသောရည်ရွယ်ချက်၊ နီးကြားတက်ကြွသော အမျိုးသားရေးစိတ်ဓါတ်အပြည့်အဝဖြင့် တာဝန်သိသိ၊သစ္စာရှိရှိ ဝိုင်းဝန်းလုပ်ဆောင်ကြပြီး၊ လက်တွေ့လုပ်ငန်းများဌ် မလွဲမသွေ ကြုံတွေ့ရမည့် အကောင်းအဆိုး၊အခက်ခဲများကိုလည်း စည်းလုံးခြင်း ခွန်အားဖြင့် အတူရင်ဆိုင်ဖြတ်ကျော်လျက် အောင်မြင်ခြင်းပန်းတိုင်သစ်ဆီသို့ အရောက်ချီတက်ကြရန် ချိုးတိုင်းရင်းသားတိုင်းအား ဤစကားလက်မွန်အားဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ချိုးတိုင်းရင်းသားအစည်းအရုံးအတွန့်ရှည်တည်မြဲပါစေဟုဆန္ဒပြုလျက်...

**Salai Tam Khui Sing**
**President**
**K'Cho Ethnic Association**

ရက်စွဲ။ ။၂၀၁၂ခု၊အောင်တိုဘာလ(၁၀)ရက်